ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုအား လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူများ-

၁။ ဒေါ်သန္တာရီလင်း
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ထမ်းရေးရာဌာနခွဲ

၂။ ဒေါ်ယဉ်မျိုးဝင်း
ဒုတိယဦးစီးမှူး
ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၂)


ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်။

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | ၁ |
| ၁။ | **ပါကစ္စတန်နိုင်ငံတရားလွှတ်တော်ချုပ်** | ၂ |
| | ၁.၁။ ဖွဲ့စည်းတည်ဆောက်ပုံ | ၃ |
| | ၁.၂။ စီရင်ပိုင်ခွင့်အာဏာ | ၃ |
| | ၁.၃။ ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု | ၄ |
| ၂။ | **၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်၊ ဒေသအစိုးရအက်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ စိစစ်ပေးပါရန်တင်သွင်းသည့်အမှု** | ၅ |
| | ၂.၁။ အမှုအမှတ်နှင့် အမှုနှင့်သက်ဆိုင်သူများ | ၅ |
| | ၂.၂။ ဆုံးဖြတ်သည့်နေ့စွဲ | ၆ |
| | ၂.၃။ အမှုဖြစ်အကြောင်းအရာ | ၆ |
| | ၂.၄။ တင်သွင်းသူများ၏လျှောက်လဲချက် | ၇ |
| | ၂.၅။ တင်သွင်းခံရသူများ၏လျှောက်လဲချက် | ၇ |
| | ၂.၆။ ရှေ့နေချုပ်၏လျှောက်လဲချက် | ၈ |
| | ၂.၇။ ဆုံးဖြတ်ရန်အချက်များ | ၈ |
| | ၂.၈။ အမှုနှင့်စပ်လျဉ်း၍တရားရုံးမှသုံးသပ်သည့်အချက်များ | ၈ |
| | ၂.၈.၁။ အမှုဖြစ်အကြောင်းအရာကိုသုံးသပ်ခြင်း | ၈ |
| | ၂.၈.၂။ တင်သွင်းသူ၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း | ၉ |
| | ၂.၈.၃။ တင်သွင်းခံရသူ၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း | ၉ |
| | ၂.၈.၄။ ရှေ့နေချုပ်၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း | ၉ |
| | ၂.၈.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအပိုဒ်များကိုသုံးသပ်ခြင်း | ၁၀ |
| | ၂.၈.၆။ တရားရုံးမှသုံးသပ်သည့်အချက်များ | ၁၁ |
| | ၂.၉။ ဆုံးဖြတ်ချက် | ၁၂ |
| ၃။ | **လေ့လာတွေ့ရှိချက်** | ၁၂ |
| | **နိဂုံး** | ၁၃ |

# ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုအား လေ့လာတင်ပြခြင်း

**နိဒါန်း**

ပါကစ္စတန် နိုင်ငံသည် ဗြိတိသျှလက်အောက်မှ ၁၉၄၇ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးချိန်တွင် ပါကစ္စတန်နိုင်ငံသည် အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ နှစ်ပိုင်းပါရှိပါသည်။ ၁၉၅၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းသည် အရှေ့ပါကစ္စတန်နိုင်ငံဟူ၍ သီးခြားခွဲထွက်ခဲ့ပြီး တစ်ပြည်ထောင်နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၁၉၇၁ ခုနှစ်တွင် အရှေ့ပါကစ္စတန်နိုင်ငံကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

ပါကစ္စတန်သမ္မတနိုင်ငံသည် တောင်အာရှဒေသတွင်တည်ရှိပြီး ဧရိယာစတုရန်းကီလိုမီတာ ၈၀၄၀၀၀ ခန့်ကျယ်ဝန်းပါသည်။ တောင်ဘက်တွင် အာရေဗျပင်လယ်၊ အနောက်ဘက်တွင် အီရန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အရှေ့ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ အိန္ဒုမြစ်သည် ပါကစ္စတန်နိုင်ငံတစ်လျှောက် မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းနေသော မြစ်ဖြစ်သည်။ အစ္စလာမ်မာဘတ်မြို့သည် နိုင်ငံ၏မြို့တော်ဖြစ်ပြီး ကရာချိမြို့သည်အကြီးဆုံးမြို့ဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံတွင် လူဦးရေ ၂၂၅ သန်းကျော်နေထိုင်လျက်ရှိပါသည်။ ပါကစ္စတန်နိုင်ငံတွင် အင်္ဂလိပ်နှင့် အူရဒူဘာသာစကားများကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုကြပါသည်။

ပါကစ္စတန်နိုင်ငံသည် ဖက်ဒရယ်စနစ်ကိုကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အင်္ဂလိပ်ရိုးရာဥပဒေစနစ် (Common Law System) ကို အသုံးပြုလျက်ရှိသည့်နိုင်ငံဖြစ်သည်။ ဥပဒေပြုရေးစနစ်မှာ လွှတ်တော်နှစ်ရပ်ရှိသော ဥပဒေပြုရေးအဖွဲ့ (bicameral legislation) ဖြစ်ပြီး အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (National Assembly) တို့ ပါဝင်ပါသည်။ အစိုးရစနစ်သည် Semi-Presidential Republic ဟုခေါ်သော သမ္မတနှင့်ဝန်ကြီးချုပ်တို့အုပ်ချုပ်သည့် စနစ်ဖြစ်ပါသည်။ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်၊ တရားစီရင်ရေးဟူ၍ အာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးပါသည်။

ယင်းအာဏာ (၃) ရပ်အနက် ဥပဒေပြုရေးအာဏာကို ပါလီမန် သို့လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို သမ္မတထံသို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ the Federal Shariat Court၊ ပြည်နယ်တရားလွှတ်တော်များနှင့် အဆင့်ဆင့်ဖွဲ့စည်းထားသော တရားရုံးများထံသို့လည်းကောင်း အပ်နှင်းထားပါသည်။




**ဖွဲ့စည်းပုံအခြေခံဥပဒေများ**

ပါကစ္စတန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ၁၉၅၆ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်တို့တွင် သုံးကြိမ်တိုင်ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ပါကစ္စတန်နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိတွင်ကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဥပဒေသည် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ပြဋ္ဌာန်းသည့်နှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကာလအတွင်း ပြင်ဆင်မှု ၂၅ ကြိမ် ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် နောက်ဆုံးအကြိမ်ပြင်ဆင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၄၀-က ပါ ဒေသအစိုးရများဖွဲ့စည်းရန်အတွက် ပြဋ္ဌာန်းချက်သည် ၂၀၁၀ ခုနှစ်၊ ၁၈ ကြိမ်မြောက်ပြင်ဆင်ချက်မှသာ အသစ်ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

**၁။ ပါကစ္စတန်တရားလွှတ်တော်ချုပ်**

ပါကစ္စတန်တရားလွှတ်တော်ချုပ်ကို ၁၉၅၆ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားလွှတ်တော်ချုပ်အဖြစ် ဆက်လက်ဖွဲ့စည်းထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၆ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကရာချီမြို့သည် ပါကစ္စတန်တရားလွှတ်တော်ချုပ်၏ရုံးစိုက်ရာဒေသဖြစ်ပြီး တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်သည် သမ္မတ၏ဆုံးဖြတ်ချက်အရ အခြားသင့်တော်ရာဒေသတွင်လည်း ရုံးထိုင်နိုင်သည်။ တရားလွှတ်တော်ချုပ်သည် ကနဦးအစတွင် ကရာချီမြို့တွင်ရုံးစိုက်ခဲ့သော်လည်း နောက်ပိုင်းတွင် လာဟိုလ်မြို့သို့ ရွှေ့ပြောင်းခဲ့ပြီး တရားလွှတ်တော်ရုံးအဆောက်အဦတွင် ရုံးထိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစ္စလာမ်မာဘတ်မြို့သည် တရားလွှတ်တော်ချုပ်၏ အမြဲတမ်းရုံးစိုက်ရာဒေသဖြစ်သည်။ အစ္စလာမ်မာဘတ်မြို့တွင် အဆောက်

အဦတည်ဆောက်နေဆဲဖြစ်သည့်အတွက် ၁၉၇၄ ခုနှစ်တွင် လာဟိုလ်မြို့မှ ရာဝါလ်ပင်ဒီမြို့သို့ ပြောင်းရွှေ့ရုံးထိုင်ခဲ့သည်။ ရုံးအဆောက်အဦတည်ဆောက် ရေးလုပ်ငန်းများပြီးမြောက်ပြီးနောက် ပါကစ္စတန်တရားလွှတ်တော်ချုပ်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အစ္စလာမ်မာဘတ်မြို့၊ အနီရောင်ဇုန် (Red Zone)အတွင်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေရိပ်သာ လမ်းမပေါ်တွင်တည်ရှိသည့် တရားလွှတ်တော်ရုံး အဆောက်အဦသစ်သို့ပြောင်းရွှေ့ ရုံးထိုင်ခဲ့ပါသည်။

ပါကစ္စတန်တရားလွှတ်တော်ချုပ် ရုံးအဆောက်အဦမျက်နှာစာရှိ အဖြူရောင် စကျင်ကျောက်များသည် နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူများကို ထိန်သိမ်းရန်အတွက် ခိုင်မာသော အဖွဲ့အစည်းဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ဖွင့်ထားသောစာအုပ်ပုံစံ တရားလွှတ်တော်ချုပ်အဆောက်အဦမှာ ပါကစ္စတန်နိုင်ငံပညာရေး၊ ပွင့်လင်းမြင်သာမှုနှင့် ဥပဒေအရာတို့တွင်တန်းတူညီမျှစွာရရှိရေးဆိုသည့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ၏အရေးပါမှုကိုထင်ဟပ်စေရန် အစ္စလာမ်နှင့် ဂျပန်ဗိသုကာလေ့ထုံးတမ်းများဖြင့်ပေါင်းစပ်၍ တည်ဆောက်ထားခြင်းဖြစ်ပါသည်။

## ၁.၁။ ဖွဲ့စည်းတည်ဆောက်ပုံ

ပါကစ္စတန်တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်အပါအဝင် တရားသူကြီး ၁၇ ဦးဖြင့်ဖွဲ့စည်းထားရှိပါသည်။ ပါကစ္စတန်နိုင်ငံသားဖြစ်ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ၅ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များတွင် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် လိုက်ပါဆောင်ရွက်ခဲ့သူများသည် တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီသည်။ ပါကစ္စတန်တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများကို နိုင်ငံတော်သမ္မတမှ ဖွဲ့စည်းပုံခြေခံဥပဒေ အပိုဒ် ၁၇၅-က ပါပြဋ္ဌာန်းချက်များနှင့်အညီ ခန့်အပ်ရမည်ဖြစ်ပါသည်။ တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်နှင့်တရားသူကြီးများသည် ၆၅ နှစ်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

## ၁.၂။ စီရင်ပိုင်ခွင့်အာဏာ

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါကစ္စတန်တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်နှင့်အာဏာများကိုအောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

(က) မူလစီရင်ပိုင်ခွင့်၊

(ခ) အယူခံစီရင်ပိုင်ခွင့်၊

(ဂ) သဘောထားပေးခြင်း၊

(ဃ) အမှုများကိုလွှဲပြောင်းခြင်း၊

(င) စီရင်ချက်ထုတ်ပြန်ခြင်းနှင့် စီရင်ချက်အားလိုက်နာဆောင်ရွက်စေခြင်း၊

(စ) အမိန့်များကိုပြန်လည်သုံးသပ်ခွင့်။

**၁.၃။ ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု**

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၈၉ အရ ပါကစ္စတန်တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များသည် ဥပဒေပြဿနာတစ်ရပ်ကို ဆုံးဖြတ်သည့်အတိုင်း သို့မဟုတ် ဥပဒေအခြေခံသဘောတရားများက သတ်မှတ်ပေးထားသည့်အတိုင်း ပါကစ္စတန်နိုင်ငံရှိ အခြားသောတရားရုံးများတွင် စည်းနှောင်မှုရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉၀ အရ ပါကစ္စတန်နိုင်ငံတစ်ဝှမ်းလုံးတွင်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် တရားစီရင်ရေးဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအားလုံးသည် တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်အမိန့်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

တရားလွှတ်တော်ချုပ်၏ အမိန့်ဆုံးဖြတ်ချက်နှင့်ဥပဒေဆိုင်ရာ ကြေညာချက်များသည် ပါကစ္စတန်ရှိတရားရုံးများတွင် အာဏာသက်ရောက်သည့်အတွက် ပါကစ္စတန်နိုင်ငံ တစ်ဝှမ်းလုံးတွင်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် တရားစီရင်ရေးဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများအားလုံးသည် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အမိန့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉၀ ပါ ပြဋ္ဌာန်းချက်ကို လျစ်လျူရှုထားခြင်းပင်ဖြစ်သည်။ထို့ကြောင့် တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသူများသည် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိုသူကို တရားရုံးချုပ်၏ဆုံးဖြတ်ချက်ကို မထီမဲ့မြင်ပြုမှုကြောင့် အရေးယူအပြစ်ပေးနိုင်ပါသည်။

ပါကစ္စတန်တရားလွှတ်တော်ချုပ်သည် ပါကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများအရ ပေါ်ပေါက်လာသောအမှုများနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအယူခံတရားရုံးဖြစ်သကဲ့သို့ အပြီးသတ်ဆုံးဖြတ်သည့် တရားရုံးလည်းဖြစ်ပါသည်။

**၂။ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်၊ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ စိစစ်ပေးပါရန်တင်သွင်းသည့်အမှု**

**၂.၁။ အမှုအမှတ်နှင့် အမှုနှင့်သက်ဆိုင်သူများ**

**(က) အမှုအမှတ်**

၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ ဆုံးဖြတ်ပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာအမှုအမှတ် ၄၈/ ၂၀၁၉ ဖြင့် ပါကစ္စတန်တရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

**(ခ) တင်သွင်းသူများ**

၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ ဆုံးဖြတ်ပေးနိုင်ပါရန်အတွက် ပန်ဂျပ်ဒေသအစိုးရအဖွဲ့ဝင်များဖြစ်သည့် Asad Ali Khan နှင့် အခြားသောအဖွဲ့ဝင်များက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ ဥပဒေအကျိုးဆောင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ လိုက်ပါဆောင်ရွက်ခဲ့ပါသည်-

(၁) Mr. M. Nawazish Ali Pirzada, Advocate of Supreme Court

(၂) Syed Rigaqat H. Shah, Advocate-on-Record

**(ဂ) တင်သွင်းခံရသူများ**

အထက်ဖော်ပြပါ အမှုနှင့်စပ်လျဉ်း၍ တင်သွင်းသူများမှ ပန်ဂျပ်ပြည်နယ်အစိုးရကို စွပ်စွဲခဲ့ခြင်းဖြစ်ပြီး ပြည်နယ်အစိုးရအတွက် ဥပဒေအကျိုးဆောင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်-

(၁) Barrister Qasim Ali Chohan, Additional A. G. Punjab

(၂) Ch. Abrar Ahmed, Director Law, Local Government Punjab.

**(ဃ) ရှုံးတော်သဟာရ**

အထက်ဖော်ပြပါအမှုတွင် ရှုံးတော်သဟာရအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်-

(၁) Mr. Khalid Jawed Khan, Attorney General for Pakistan

(၂) Mr. Sohail Mehmood, Addl. AGP

**(င) ပန်ဂျပ်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်**

အထက်ဖော်ပြပါအမှုတွင် အမှုနှင့်သက်ဆိုင်သူများအဖြစ် ပန်ဂျပ်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်-

(၁) Dr. Akhter Nazir, Secretary ECP.

(၂) Mr. M. Arshad, D.G. Law ECP.

(၃) Ms. Saima Tariq Janjua, Deputy Director, ECP.

**ရွေးကောက်ပွဲကော်မရှင်၏ဥပဒေအကျိုးဆောင်များ**

ပန်ဂျပ်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အတွက် ဥပဒေအကျိုးဆောင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ လိုက်ပါဆောင်ရွက်ခဲ့ပါသည်-

(၁) Mr. Afnan Karim Kundi, ASC

(၂) Mr. Sajeel Sheryar Swati, ASC

**၂.၂။ ဆုံးဖြတ်သည့်နေ့ရက်၊** ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်။

**၂.၃။ အမှုဖြစ်အကြောင်းအရာ**

၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေအရ ဒေသအစိုးရများ၏ရာထူးသက်တမ်းသည် ပထမအကြိမ် ဒေသအစိုးရအဖွဲ့များအစည်းအဝေးကျင်းပသည့် နေ့ရက်မှစ၍ ၅ နှစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် ဒေသအစိုးရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ပထမအကြိမ် ဒေသအစိုးရအဖွဲ့အစည်းဝေးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် ဒေသအစိုးရများ၏ ရာထူးသက်တမ်းသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ပန်ဂျပ်ပြည်နယ်လွှတ်တော်သည် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရ အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေပုဒ်မ ၃၁၂ ဖြင့် ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် ၂၀၁၃ ခုနှစ်၊ အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော သို့မဟုတ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေသအစိုးရအဖွဲ့များ အားလုံးကို ဖျက်သိမ်းရမည်ဟုပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်များအရ ပြည်နယ်အစိုးရသည် ရာထူးသက်တမ်းကုန်ဆုံးခြင်း မရှိသေးသည့် ရွေးကောက်ခံဒေသအစိုးရများကို ဖျက်သိမ်းရန် အခွင့်အာဏာမရှိကြောင်းနှင့် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအဖွဲ့အက်ဥပဒေ ပုဒ်မ ၃ သည် ၁၉၇၃ ခုနှစ်၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၊ ၁၇၊ ၃၂ နှင့် ၁၄၀-က ပါ ပြဋ္ဌာန်းချက်များကို သိသာထင်ရှားစွာ ကျော်လွန်နေသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၄၊ ပုဒ်မခွဲ (၃) ပါ စီရင်ပိုင်ခွင့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ-မရှိ ဆုံးဖြတ်ပေးနိုင်ပါရန် တရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

**၂.၄။ တင်သွင်းသူများ၏လျှောက်လဲချက်**

တင်သွင်းသူများ၏ဥပဒေအကျိုးဆောင်မှ ပန်ဂျပ်ဒေသအစိုးရများသည် ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒနှင့်အညီ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပါသည်။

ဒေသအစိုးရများ၏ ရာထူးသက်တမ်းသည် ၅ နှစ်ဖြစ်သော်လည်း ၂၀၁၉ ခုနှစ်၊ ပန်ဂျပ် ပြည်နယ်ဒေသအစိုးရအက်ဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် ၎င်းတို့၏ရာထူးသက်တမ်း ပြည့်မြောက်ခြင်း မရှိသော်လည်း တာဝန်မှရပ်စဲခံခဲ့ရပြီး ပန်ဂျပ်ပြည်နယ်ရှိဒေသအစိုးရအဖွဲ့များအားလုံး ဖျက်သိမ်းခံခဲ့ရပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၊ ၁၇၊ ၃၂ နှင့် ၁၄၀-က ပါအချက်များကို ကျော်လွန်လျှက်ရှိကြောင်းလျှောက်လဲခဲ့ပါသည်။

ဆက်လက်၍ ဥပဒေအကျိုးဆောင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် နိုင်ငံတော်၏ အဓိပ္ပါယ်ကိုသတ်မှတ်ဖော်ပြထားပါကြောင်း၊ ထိုပြဋ္ဌာန်းချက်အရ ဒေသအစိုးရများသည် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများပြီးနောက် တတိယအဆင့်ရှိအစိုးရတစ်ရပ်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်လွှတ်တော်သည် တတိယအဆင့်ရှိအစိုးရတစ်ရပ်ကို ဖျက်သိမ်းရန် အာဏာမရှိကြောင်းလျှောက်လဲတင်ပြခဲ့ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရ အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၂) ပါ ၁ နှစ်ဆိုသည့် စကားရပ်ကို ၂၁ လဟု ပြင်ဆင်ခြင်းသည်ကပင် ပြည်နယ်အစိုးရအနေဖြင့် ဒေသအစိုးရအဖွဲ့အသစ်များကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခြင်းမရှိကြောင်း ယူဆရပါသည်။ ထို့ကြောင့် ယခင်ဒေသအစိုးရများကို ဖျက်သိမ်းခဲ့သည်မှာ မျှတမှုမရှိပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## ၂.၅။ တင်သွင်းခံရသူများ၏လျှောက်လဲချက်

တင်သွင်းခံရသူများအတွက် ပန်ဂျပ်ပြည်နယ် တွဲဖက်ဥပဒေအရာရှိမှ လိုက်ပါဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေကို ထောက်ခံ၍လျှောက်လဲတင်ပြခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေသည် ခရိုင်အဆင့်တွင် ပါဝင်ဖွဲ့စည်းထားသည့် မြို့ပြနှင့်ကျေးလက်ဒေသများအတွက် ဒေသအစိုးရအဖွဲ့များကို ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဖွဲ့စည်းထားပါသည်။ ထို့ပြင် အဆိုပါအက်ဥပဒသည် မပြည့်စုံသော ဥပဒေတစ်ခုဖြစ်သည်။ ထို့ကြောင့် မြို့တော်ဝင်အားတိုက်ရိုက် ရွေးကောက်တင်မြှောက်သည့် မြို့ပြအစိုးရပုံစံစနစ်ကို အစပြုရန်နှင့် ဒေသအစိုးရဖွဲ့စည်း တည်ဆောက်ပုံကို ပြုပြင်မွမ်းမံရန် အလို့ငှာ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပန်ဂျပ်ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၀-က အရ ဒေသအစိုးရများကိုဖျက်သိမ်းရန်၊ ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေကို ရုပ်သိမ်းရန်နှင့် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေကို ပြဋ္ဌာန်းရန်အတွက် အရည်အချင်းပြည့်မီသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု လျှောက်လဲ တင်ပြခဲ့ပါသည်။

## ၂.၆။ ရုံးတော်သဟာယ၏လျှောက်လဲချက်

ပါကစ္စတန်ရှေ့နေချုပ်သည် တရားလွှတ်တော်ချုပ်အနေဖြင့် ယခုရုံးတော်ရှေ့မှောက်သို့သွင်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုကို လက်ခံရန်မသင့်ကြောင်းတင်ပြခဲ့သည်။ ယခုတင်သွင်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုနှင့် အငြင်းပွားသည့်အကြောင်းချင်းရာတူညီသောအမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉၉ အရ ပြည်နယ်တရားလွှတ်တော်များက ဆုံးဖြတ်ပေးခဲ့သည်သာဓကများလည်းရှိပါသည်။ ယခု အမှုတင်သွင်းသူများသည် ၎င်းတို့၏ အငြင်းပွားမှုကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်တရားလွှတ်တော်၏ စီရင်ဆုံးဖြတ်မှုအား မည်သည့်အတွက်ကြောင့် ရယူခဲ့ခြင်းမရှိကြောင်းနှင့်စပ်လျဉ်း၍ တင်သွင်းလွှာ၌ ထည့်သွင်းဖော်ပြထားသည်ကို မတွေ့ရှိရပါ။ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေသည် ဥပဒေပြုရန်အရည်အချင်းပြည့်မီသည် ပန်ဂျပ်ပြည်နယ်လွှတ်တော်မှ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ယင်းဥပဒေကို ကျိုးကြောင်းဆီလျော်မှုမရှိခြင်း သို့မဟုတ် ယုတ္တိမရှိခြင်းဆိုသည့် အကြောင်းပြချက်ကြောင့် ပယ်ဖျက်နိုင်မည်မဟုတ်ကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## ၂.၇။ ဆုံးဖြတ်ရန်အချက်များ

တင်သွင်းလွှာအမှတ် ၄၈/ ၂၀၁၉ နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၊ ၁၇၊ ၃၂ နှင့် ၁၄၀-က ပါ အချက်များကို ကျော်လွန်နေသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၄၊ ပုဒ်မခွဲ (၃) အရ တင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတင်သွင်းလွှာအမှတ် ၄၈/ ၂၀၁၉ အားလက်ခံရန် သင့်-မသင့်။

(ခ) ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၊ ၁၇၊ ၃၂ နှင့် ၁၄၀-က ပါ အချက်များကို ဖောက်ဖျက်ခြင်း ရှိ-မရှိ။

## ၂.၈။ တရားရုံးမှသုံးသပ်သည့်အချက်များ

### ၂.၈.၁။ အမှုဖြစ်အကြောင်းအရာကိုသုံးသပ်ခြင်း

ဒေသအစိုးရရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ရန် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ထံတွင် တာဝန်ရှိသည်။ ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃၀ အရ ပန်ဂျပ်ပြည်နယ်အတွင်းရှိ ဒေသအစိုးရရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ကျင်းပခဲ့သည်ကိုတွေ့ရှိရပေသည်။ ဒေသအစိုးရတစ်ရပ်သည် ဥပဒေနှင့်အညီ ၎င်း၏ ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့်နေ့မှစ၍ ၅ နှစ် ပြည့်မြောက်သည်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ပန်ဂျပ်ပြည်နယ်၊ ဒေသအစိုးရများ၏ ပထမ

အကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့ခြင်းဖြစ်သည့်အတွက် ၎င်းတို့သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ရာထူးတာဝန်ထမ်းဆောင်ရမည်မှာ အငြင်းပွားဖွယ်ရာမရှိပေဟု သုံးသပ်ခဲ့ပါသည်။

### ၂.၈.၂။ တင်သွင်းသူ၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း

အမှုတင်သွင်းသူများအနေဖြင့် ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေအရ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဒေသအစိုးရအဖွဲ့များကို ၎င်းတို့၏တာဝန်ထမ်းဆောင်ရန် ဥပဒေဖြင့် သတ်မှတ်ထားသည့်သက်တမ်းကာလ ၅ နှစ် မပြည့်မြောက်မီ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသ အစိုးရအက်ဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် တာဝန်ထမ်းဆောင်ဆဲ ဒေသအစိုးရများကို ဖျက်သိမ်းခြင်းသည် လက်ခံနိုင်ဖွယ်မရှိပါ။ အထူးသဖြင့် ယင်းသို့ဖျက်သိမ်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၊ ၁၇၊ ၃၂ နှင့် ၁၄၀-က ပါ လုပ်ပိုင်ခွင့်များအရ လက်ခံနိုင်ဖွယ်မရှိသော ဆောင်ရွက်မှုသာဖြစ်သည်ဟု အခိုင်အမာ ငြင်းဆိုထားသည်ကို တွေ့ရှိရသည်ဟု သုံးသပ်ခဲ့ပါသည်။

### ၂.၈.၃။ တင်သွင်းခံရသူ၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း

ပြည်နယ်လွှတ်တော်သည် ဥပဒေရေးဆွဲပြဋ္ဌာန်းရန် အရည်အချင်းပြည့်မီသည် ဆိုသည့် အချက်နှင့် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေသည် ဥပဒေပြုရန်အရည်အချင်း ပြည့်မီသည့်ဥပဒေပြုအဖွဲ့မှ ရေးဆွဲထားသည်ဆိုသည့် အချက်ကိုမူ ကန့်ကွက်ရန်မရှိပါ။ အငြင်းပွားသည့် ကိစ္စရပ်မှာ ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေအရ ခွင့်ပြုဖွဲ့စည်းခဲ့သည့် ဒေသအစိုးရအဖွဲ့များကို ဖျက်သိမ်းခြင်းနှင့် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်များကို ၎င်းတို့၏ရာထူးသက်တမ်းပြည့်မြောက်သည့်အထိ တာဝန်ထမ်းဆောင်ခွင့်မပြုဘဲ ရာထူးမှရပ်စဲရန် ဆောင်ရွက်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ နှင့်သာသက်ဆိုင်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

### ၂.၈.၄။ ရုံးတော်သဟာရ၏လျှောက်လဲချက်ကိုသုံးသပ်ခြင်း

ရှေ့နေချုပ်မှ Haji Muhammad Saifullah Khan အမှုကို ကိုးကားတင်ပြခဲ့ပါသည်။ ထိုအမှုတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာထားသောကြောင့် လွှတ်တော်ကိုပြန်လည်ပြင်ဆင်ရန် တရားရုံးကမစဉ်းစားခဲ့ခြင်းဖြစ်ပေသည်။ ယခုအမှုတွင် ရွေးကောက်ပွဲကျင်းပရန် ခေါ်ယူထားခြင်းနှင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်အား သတ်မှတ်ကြေညာထားခြင်းမရှိပေ။ ထို့ကြောင့် ပါကစ္စတန်ရှေ့နေချုပ် ကိုးကားတင်ပြသည့် စီရင်ထုံးအမှုသည် ယခုအမှုနှင့်သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ရုံးတော်သဟာရ၏ လျှောက်လဲချက်ကို လက်ခံနိုင်ခြင်းမရှိကြောင်း သုံးသပ်ခဲ့ပါသည်။

### ၂.၈.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအပိုဒ်များကိုသုံးသပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇ ၌ နိုင်ငံတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်ဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ပုဒ်မ ၇ သည် ပြည်နယ်များရှိ ဒေသအစိုးရများ၏ အဆင့်အတန်းကိုသတ်မှတ်ပေးထားခြင်းဖြစ်ပြီး ယင်းတို့သည် တတိယအဆင့်ရှိ အစိုးရများ ဖြစ်သည်မှာထင်ရှားသည်ဟု သုံးသပ်ခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇ တွင် နိုင်ငံသားတိုင်းသည် အဖွဲ့အစည်း သို့မဟုတ် သမဂ္ဂဖွဲ့စည်းခွင့် သို့မဟုတ် နိုင်ငံရေးပါတီ ဖွဲ့စည်းတည်ထောင်ခွင့်သို့မဟုတ် ပါတီအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။ ဤအချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် အခြေခံအခွင့်အရေးတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများဖွဲ့စည်း တည်ထောင်ခွင့်နှင့် ပါတီအဖွဲ့ဝင်များအဖြစ် ဝင်ရောက်ခွင့်ပြုခြင်းများသည်ဒီမိုကရေစီနှင့် လွတ်လပ်ခြင်း မူသဘောတရားများကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်တွင် ပြည်သူ့အများစု ထောက်ခံသည့် အစိုးရတစ်ရပ်ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အားပေးထောက်ပံ့ခြင်းဖြစ်သည်ဟု ယူဆရမည်။ နိုင်ငံရေးပါတီများဖွဲ့စည်းတည်ထောင်ခွင့်နှင့် ပါတီအဖွဲ့ဝင်ဖြစ်ခွင့်ပေးထားခြင်းသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် ထိုရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့ပါက ရွေးကောက်တင်မြှောက်ခံရသည့်ရာထူးနေရာတွင် ဥပဒေအရပြဋ္ဌာန်းထားသည့် သက်တမ်းကာလ တစ်ခုပြည့်မြောက်သည့်တိုင်အောင် တာဝန်ထမ်းဆောင်ခွင့်ရှိသည်ဟု အဓိပ္ပါယ်သက်ရောက်သည်ဟု သုံးသပ်ခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၈ တွင် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဓလေ့ထုံးတမ်းတစ်ခုခု သို့မဟုတ် အသုံးအနှုန်းတစ်ခုခုသည် အခြေခံအခွင့်အရေးများအခန်းပါ အချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆန့်ကျင်ကွဲလွဲနေလျှင် အဆိုပါကိစ္စရပ်များသည် ကွဲလွဲနေသည့်အတိုင်းအတာအထိ ပျက်ပြယ်သွားမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ တရားလွှတ်တော်ချုပ်သည် ဥပဒေပြဋ္ဌာန်းခွင့် မရှိသော်လည်း ပြဋ္ဌာန်းထားသောဥပဒေတစ်ရပ်ကို ပျက်ပြယ်ကြောင်းဆုံးဖြတ်သည့်အခါတွင် နိုင်ငံတော်၏အခြေခံမူဝါဒလမ်းညွှန်ချက်များအတိုင်း လိုက်နာရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါမူဝါဒများသည် နိုင်ငံသားများ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာတူညီမျှမှုပေးထားသော နိုင်ငံတော်၏ရည်မှန်းချက်များဖြစ်သည်။ နိုင်ငံတော်၏ လုပ်ဆောင်ချက်များသည် အခြေခံမူဝါဒလမ်းညွှန်ချက်များနှင့်အညီဖြစ်ရမည်။ ထို့ကြောင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံမူဝါဒလမ်းညွှန်ချက်များနှင့် ကွဲလွဲမှုမရှိသင့်ပေဟု သုံးသပ်ခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၀-က သည် ပြည်နယ်များတွင် ဥပဒေများ ပြဋ္ဌာန်းပြီး ဒေသအစိုးရစနစ်ကို ဖွဲ့စည်းတည်ထောင်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဒေသအစိုးရများမှ ရွေးကောက်ခံကိုယ်စားလှယ်များထံသို့ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးရန်လည်းလိုအပ်သည်။ ထို့ကြောင့် ပန်ဂျပ်ပြည်နယ်တွင် ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ကိုယ်စားလှယ်များထံသို့ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း သုံးသပ်ခဲ့ပါသည်။

**၂.၈.၆။ တရားရုံးမှသုံးသပ်သည့်အချက်များ**

၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေအရ ၂၀၁၅ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း ပန်ဂျပ်ပြည်နယ်တွင် ကျင်းပခဲ့သော ဒေသအစိုးရအဖွဲ့များ၏ ရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီစနစ်ကိုအခြေခံ၍ ပြုလုပ်ခဲ့သည်ဆိုသည်မှာ အငြင်းပွားဖွယ် မတွေ့ရှိရပေ။ ထို့ကြောင့် ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ဒေသအစိုးရများကို ဖျက်သိမ်းနိုင်ခြင်းရှိ-မရှိနှင့် ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်၊ ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသော လုပ်ပိုင်ခွင့်များကို ကျော်လွန်ခြင်း ရှိ-မရှိ ဆိုသည့် ပြဿနာရပ်များကို ဖြေဆိုရမည်ဖြစ်သည်ဟု သုံးသပ်ခဲ့ပါသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း ဒေသအစိုးရအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသည့်ကိုယ်စားလှယ်များသည် ၎င်းတို့၏သက်ဆိုင်ရာမဲဆန္ဒနယ်များမှ ပြည်သူများမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ ပုဒ်မ ၃ အရ ဒေသအစိုးရများကို ပယ်ဖျက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲနေပါသည်။ ထို့ပြင် ဒေသအစိုးရကိုဖျက်သိမ်းခြင်းသည် နိုင်ငံသားတစ်ဦး၏ မိမိတို့ဒေသအစိုးရအတွက် ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်နိုင်သည့် မဲပေးပိုင်ခွင့်ကို ရုပ်သိမ်းရာရောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၂၊ အခန်း ၁၊ အပိုဒ် ၈ အခြေခံအခွင့်အရေးများအခန်းတွင် ဥပဒေကဲ့သို့ သဘောသက်ရောက်သည့် ဥပဒေ၊ ဓလေ့ထုံးစံ သို့မဟုတ် အသုံးအနှုန်း တစ်စုံတစ်ရာသည် ဤအခန်းတွင် အပ်နှင်းထားသည့် အခွင့်အရေးများနှင့် ဆန့်ကျင်ကွဲလွဲနေလျှင် ထိုသို့ဆန့်ကျင်ကွဲလွဲနေသည့် ကိစ္စရပ်များကို ပျက်ပြယ်သွားစေမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေတစ်ရပ်ရပ်သည် အခြေခံအခွင့်အရေးပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲနေလျှင် ထိုသို့ဆန့်ကျင်ကွဲလွဲနေသည့် ပြဋ္ဌာန်းချက်များသည် ပျက်ပြယ်သွားမည်ဖြစ်သည်။

## ၂.၉။ ဆုံးဖြတ်ချက်

ပါကစ္စတန်တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တင်သွင်းလွှာ အမှတ် ၄၈/ ၂၀၁၉ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ပါသည်-

(က) အထက်တွင်ဖော်ပြခဲ့သည့် သုံးသပ်ချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တင်သွင်းလွှာအမှတ် ၄၈/၂၀၁၉ ကို လက်ခံစိစစ်မည်ဖြစ်သည်။

(ခ) ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသ အစိုးရအက်ဥဒေ ပုဒ်မ ၃ သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အချက်များကို ကျော်လွန်ချိုးဖောက်နေပေသည်။ အဆိုပါ ပုဒ်မ ထုတ်ပြန်ခြင်းမရှိမီ တည်ဆဲအစိုးရအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ပန်ဂျပ်ပြည်နယ်အတွင်းရှိ ဒေသအစိုးရ များကို ဆက်လက်ဖွဲ့စည်း ထားရှိရမည်ဖြစ်ပြီး ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်တမ်းပြည့်မြောက်သည်အထိ တာဝန်များကို ထမ်းဆောင်ရမည်။

## ၃။ လေ့လာတွေ့ရှိချက်

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးခြားတည်ထောင်ထားရှိခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်သည့်အငြင်းပွားမှု များကိုဖြေရှင်းဆုံးဖြတ်ရန်အတွက် တရားလွှတ်တော်ချုပ်တွင် အာဏာအပ်နှင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၈၄ (၃) အရ တင်သွင်းလာသော အခြေခံအခွင့်အရေး ဆိုင်ရာအမှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ၁၉၈၀ ခုနှစ်၊ ပါကစ္စတန်တရားလွှတ်တော်ချုပ်နည်းဥပဒေများ အပိုင်း ၃၊ အမိန့် ၂၅ တွင် ဖော်ပြထားပြီး ရှေ့တော်သွင်းစာချွန်တော်လျှောက်ထားမှု ဟုသတ်မှတ်ထားသည့်ကိုလေ့လာတွေ့ရှိရပါသည်။

စီရင်ချက်ချမှတ်ရာတွင်လည်း တင်သွင်းသည့်အမှုအမှတ်နှင့် တင်သွင်းသည့် အချိန် ကာလတူညီမှုမရှိသော်လည်း သက်သာခွင့်ရရှိမှုတူညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တင်သွင်းလွှာများကို စီရင်ချက်တစ်ခုတည်းတွင် ထည့်သွင်းချမှတ်ခဲ့သည်ကို လေ့လာတွေ့ရှိ ရပါသည်။

နိုင်ငံသားများ၏ အခြေခံအခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာမဲပေးပိုင်ခွင့်ဆိုသည့် အချက်ကိုပိတ်ပင်နေသည့် သဘောသက်ရောက်ကြောင်း သုံးသပ်ထားအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အပိုဒ်များ၏အဓိပ္ပါယ်များကိုကျယ်ပြန့်စွာစဉ်းစားသုံးသပ်၍ ဆုံးဖြတ်ခဲ့သည် ကိုလည်း လေ့လာတွေ့ရှိရပါသည်။

တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားရုံး များအပေါ်တွင် စည်းနှောင်မှုရှိကြောင်း၊ တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်ကို လေးစား

လိုက်နာ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက တရားရုံးကိုမထီမဲ့မြင်ပြုမှုဖြင့် အရေးယူအပြစ်ပေးနိုင်ကြောင်းနှင့် ဥပဒေပြုရန် အရည်အချင်းပြည့်မီသည့် လွှတ်တော်တစ်ရပ်က ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်စနစ်၏ အခြေခံဖြစ်သည့် အာဏာသုံးရပ်ကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးသို့ခွဲဝေအပ်နှင်း ထားသည့်အတွက် ပါကစ္စတန်နိုင်ငံသည် ဒီမိုကရေစီစနစ်ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် အမှု၏အကျိုးသက်ရောက်မှုဖြစ်သည့် နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ထည့်သွင်းချမှတ်ထားသည့်အတွက် တရားရုံးလွှတ်တော်ချုပ်သည် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

ပါကစ္စတန်နိုင်ငံသည် တရားစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်ကို အပြည့်အဝအပ်နှင်းထားရှိပါသည်။ ပါကစ္စတန်တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုအခြေခံ၍ တရားမျှတပြီး လွတ်လပ်သော တရားစီရင်ရေးစနစ်ပေါ်ပေါက်လာစေရန်နှင့် အခြေခံအခွင့်အရေးများကို တန်တူညီမျှရရှိစေရန် အဓိကထားရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် အာရှဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) သို့ ၂၂-၅-၂၀၁၂ ခုနှစ်မှစတင်၍ ပါဝင်ခဲ့ပါသည်။

## ဆက်စပ်ပြဋ္ဌာန်းချက်များ

## ၁၉၇၃ ခုနှစ်၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ

### အပိုဒ် ၇ နိုင်ငံတော်

ဤအပိုင်းတွင် အခြားနည်းအရ လိုအပ်ခြင်းမရှိလျှင် နိုင်ငံတော်ဆိုသည်မှာ ဖက်ဒရယ်အစိုးရ၊ ပါလီမန်၊ ပြည်နယ်အစိုးရတစ်ရပ်၊ ပြည်နယ်လွှတ်တော်တစ်ရပ်နှင့် အခွန်နှင့် အထူးအခွန်များကို စည်းကြပ်ရန်အတွက် ဥပဒေအရအာဏာအပ်နှင်းထားသော ပါကစ္စတန်နိုင်ငံအတွင်းရှိ ဒေသအာဏာပိုင်များ သို့မဟုတ် အခြားသောအာဏာပိုင်အဖွဲ့အစည်းများကို ဆိုသည်။

### အပိုဒ် ၁၇ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်

(၁) နိုင်ငံသားတိုင်းသည် ပါကစ္စတန်၏ အချုပ်အခြာအာဏာ သို့မဟုတ် ဂုဏ်သိက္ခာ၊ အများပြည်သူဆိုင်ရာ စည်းမျဥ်းစည်းကမ်း သို့မဟုတ် အကျင့်စာရိတ္တဆိုင်ရာ အကျိုးစီးပွားအတွက် ဥပဒေက ချမှတ်ထားသော ကျိုးကြောင်းဆီလျော်သော ကန့်သတ်ချက်များနှင့်အညီ အသင်းအဖွဲ့များ သို့မဟုတ် သမဂ္ဂများဖွဲ့စည်းပိုင်ခွင့်ရှိသည်။

(၂) ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာ သို့မဟုတ် ဂုဏ်သိက္ခာအတွက် ပါကစ္စတန်၏ အချုပ်အခြာအာဏာ သို့မဟုတ် ဂုဏ်သိက္ခာအတွက် ဥပဒေအရ ချမှတ်ထားသော ကျိုးကြောင်းဆီလျော်သော ကန့်သတ်ချက်များအရ နိုင်ငံသားတိုင်းတွင် နိုင်ငံရေးပါတီတစ်ခု ဖွဲ့စည်းရန် သို့မဟုတ် အဖွဲ့ဝင်ဖြစ်ခွင့်ရှိစေရမည်။ ဖက်ဒရယ်အစိုးရသည် ပါကစ္စတန်၏ အချုပ်အခြာအာဏာ သို့မဟုတ် ဂုဏ်သိက္ခာကို ထိခိုက်စေသော နိုင်ငံရေးပါတီတစ်ရပ်ကို ဖွဲ့စည်းပြီး သို့မဟုတ် လုပ်ဆောင်နေသည်ဟု ကြေငြာသည့်အခါ ဖက်ဒရယ်အစိုးရသည် ယင်းကဲ့သို့ ဆုံးဖြတ်ချက်ကိုချမှတ်သည့် တရားရုံးချုပ်သို့ ယင်းကိစ္စရပ်ကို ဆယ်ငါးရက်အတွင်း လွှဲပြောင်းပေးရမည်ဖြစ်ပြီး အဆုံးသတ်ဆုံးဖြတ်ချက်ဖြစ်ရမည်။

### အပိုဒ် ၃၂ ဒေသန္တရအစိုးရအဖွဲ့အစည်းများကိုမြှင့်တင်ခြင်း

နိုင်ငံတော်သည် သက်ဆိုင်ရာ ဒေသများမှ ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဒေသန္တရအစိုးရ အဖွဲ့အစည်းများကို အားပေးချီးမြှောက်ပြီး ယင်းအဖွဲ့အစည်းများတွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် အမျိုးသမီးများအား အထူးကိုယ်စားလှယ်များ အဖြစ်ပေးအပ်မည်ဖြစ်သည်။

**အပိုဒ် ၁၃၇ ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်များ၏အခွင့်အာဏာ**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်၏အုပ်ချုပ်မှုအာဏာသည် ပြည်နယ်လွှတ်တော်မှ ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအတိုင်းအကျုံးဝင်သည်-

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်၏ အုပ်ချုပ်မှုအာဏာသည် ပြည်နယ်လွှတ်တော်မှ ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုးချဲ့ဆောင်ရွက်ရမည်။ [Majlis-e- Shoora (Parliament)]နှင့် ပြည်နယ်တစ်ခု၏ ပြည်နယ်လွှတ်တော်နှစ်ခုလုံးသည် ဥပဒေများ ရေးဆွဲရန် အခွင့်အာဏာရှိသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်နယ်၏ အုပ်ချုပ်မှုအာဏာကို လက်အောက်ခံ၊ ကန့်သတ်မှုဖြင့် ဆောင်ရွက်ရမည်၊ 2[Majlis-e-Shoora (ပါလီမန်)] သည် ဖက်ဒရယ်အစိုးရ သို့မဟုတ် အာဏာပိုင်များအပေါ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သို့မဟုတ် ဥပဒေအရ အပ်နှင်းထားသည့် အုပ်ချုပ်ရေးအာဏာကို အတိအလင်း အပ်နှင်းထားသည်။

**အပိုဒ် ၁၄၀-က ဒေသအစိုးရ**

(၁) ပြည်နယ်တစ်ခုစီသည် ဥပဒေအရ ဒေသန္တရအစိုးရစနစ်တစ်ရပ်ကို ထူထောင်ကာ ဒေသန္တရအစိုးရများ၏ ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များထံ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရမည်။

(၂) ဒေသဆိုင်ရာ အစိုးရများအတွက် ရွေးကောက်ပွဲများကို ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင်က ကျင်းပရမည်။

**တရားလွှတ်တော်ချုပ်၏စီရင်ပိုင်ခွင့်အာဏာများ**

**အပိုဒ် ၁၈၄ မူလစီရင်ပိုင်ခွင့်**

(၁) အခြားတရားရုံးများကိုထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အစိုးရ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် အစိုးရများအကြားဖြစ်ပွားသည့် မည်သည့်အငြင်းပွားမှုကိုမဆိုဆုံးဖြတ်ရန် တရားလွှတ်တော်ချုပ်တွင် မူလစီရင်ပိုင်ခွင့်ရှိသည်။

**ရှင်းလင်းချက်**။ ဤအပိုဒ်ခွဲအရ အစိုးရများဆိုသည်မှာ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများကိုဆိုလိုသည်။

(၂) အပိုဒ်ခွဲ(၁)အရ အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကိုကျင့်သုံးရာတွင် တရားလွှတ်တော်ချုပ်သည် အမှုသည်များ၏အခွင့်အရေးကိုသာသတ်မှတ်ပေးသည့်ဆုံးဖြတ် ချက်ကိုသာချမှတ်ရမည်။

(၃) အပိုဒ် ၁၉၉ ပါ ပြဋ္ဌာန်းချက်များကိုထိခိုက်မှုမရှိစေဘဲ အပိုင်း၂၊ အခန်း ၁ အရ အပ်နှင်းထားသော အခြေခံအခွင့်အရေးတစ်ခုခုကိုကျင့်သုံးခြင်းအား ကိုးကား၍ များပြည်သူဆိုင်ရာ

အရေးကြီးသည့်ပြဿနာတစ်ရပ်ကို စဉ်းစားမည်ဆိုပါက တရားလွှတ်တော်ချုပ်သည် ဤအပိုဒ်ပါ သဘောသဘာဝများအရ အမိန့်ချမှတ်နိုင်သည့်အာဏာရှိသည်။

**အပိုဒ် ၁၈၅ အယူခံစီရင်ပိုင်ခွင့်**

(၁) ဤအပိုဒ်အရ တရားလွှတ်တော်ချုပ်တွင် တရားလွှတ်တော်များမှချမှတ်ထားသည့် အပြီးသတ်အမိန့်၊ ဒီကရီ၊ ဆုံးဖြတ်ချက်များ သို့မဟုတ် ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ အယူခံဝင်ရောက်လာ သည့်အမှုများကို ဆုံးဖြတ်နိုင်သည့်အာဏာရှိသည်။

(၂) တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်သည့် အမှုများသည် တရားလွှတ်တော်များမှချမှတ်ထားသည့် အပြီးသတ်အမိန့်၊ ဒီကရီ၊ ဆုံးဖြတ်ချက်များ သို့မဟုတ် ပြစ်ဒဏ်များနှင့် စပ်လျဉ်းသည့်အမှုများဖြစ်ရမည်-

(က) တရားလွှတ်တော်သည် စွပ်စွဲခံရသူအား တရားသေလွှတ်ကြောင်း အမိန့်ကို ပယ်ဖျက်ပြီး သေဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ထောင်ဒဏ် ဖြစ်စေ၊ သို့မဟုတ် ပြန်လည်ပြင်ဆင်မှုတွင် အထက်ဖော်ပြပါအတိုင်း စီရင်ချက်ကို တိုးမြှင့်ချမှတ်ထားခြင်း သို့မဟုတ်

(ခ) အကယ်၍ တရားလွှတ်တော်သည် ၎င်း၏လက်အောက်ခံတရားရုံးများမှ မည်သည့်အမှုကိုမဆို တရားရုံး၏ရှေ့မှောက်တွင် ရုံးတင်စစ်ဆေးရန် ရုပ်သိမ်းခဲ့ခြင်းနှင့် အဆိုပါ စွပ်စွဲခံရသူက အထက်ဖော်ပြပါ အတိုင်းစီရင်ချက်ကိုချမှတ်ခြင်း၊ သို့မဟုတ်

(ဂ) တရားလွှတ်တော်သည့် ယင်းအားမထီမဲ့မြင်ပြုလုပ်သည့်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြစ်ဒဏ်တစ်စုံတစ်ရာချမှတ်ခဲ့ခြင်း သို့မဟုတ်

(ဃ) ပထမအကြိမ်တရားရုံးတွင် အငြင်းပွားမှု၏ ပမာဏ သို့မဟုတ် တန်ဖိုးသည် ရူပီးငါးသောင်းထက် မနည်းသော သို့မဟုတ် ပါလီမန်အက်ဥပဒေက သတ်မှတ်ထားသည့် အခြားငွေပမာဏ ဖြစ်ပါလျှင် အယူခံဝင်သည့် စီရင်ချက်၊ အမိန့် သို့မဟုတ် အပြီးသတ်အမိန့်သည် မူလတရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် အပြီးသတ်အမိန့်နှင့် ကွဲလွဲခြင်း၊ သို့မဟုတ်

(င) စီရင်ချက်၊ ဒီကရီ သို့မဟုတ် အပြီးသတ်အမိန့်တွင် ပစ္စည်းပိုင်ဆိုင်မှု သို့မဟုတ် တန်ဖိုးနှင့်စပ်လျဉ်းသည့် ပြဿနာ သို့မဟုတ် တောင်းဆိုမှုများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ပြီး အယူခံဝင်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အပြီးသတ်အမိန့်နှင့် ကွဲလွဲလျှင် တရားလွှတ်တော်ချုပ်၏ အမိန့်သည် ချက်ချင်းအတည်ဖြစ်သည်

(စ) အမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကဲ့သို့သော ကြီးမား သည့် ဥပဒေပြဿနာရပ်တစ်ခုပါဝင်နေကြောင်း တရားလွှတ်တော်မှ တရားဝင်စာရွက်စာတမ်း ဖြင့်တင်ပြခြင်း။

(၃) အပိုဒ်ခွဲ(၂) တွင်ဖော်ပြထားသည့် အယူခံဝင်ရောက်နိုင်သည့်အမှုများမှ လွဲ၍ အခြားသောအမှုများတွင် တရားလွှတ်တော်ချုပ်၏ခွင့်ပြုချက်ရရှိမှသာ အယူခံတင်သွင်းနိုင် မည်ဖြစ်သည်။

**အပိုဒ် ၁၈၆ သဘောထားပေးခြင်း**

(၁) မည်သည့်အချိန်တွင်မဆို နိုင်ငံတော်သမ္မတသည် အများပြည်သူဆိုင်ရာ အရေးကြီး သောဥပဒေပြဿနာတစ်ခုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်၏သဘောထား မှတ်ချက် ရယူရန်ဆန္ဒရှိပါက သမ္မတသည် အဆိုပါပြဿနာရပ်ကို စဉ်းစားသုံးသပ်နိုင်ရန် တရား လွှတ်တော်ချုပ်ကို လွှဲပြောင်းပေးပို့နိုင်သည်။

(၂) တရားလွှတ်တော်ချုပ်သည် အဆိုပါလွှဲပြောင်းပေးသောပြဿနာနှင့်စပ်လျဉ်း၍ စဉ်းစား သုံးသပ်ပြီးပါက ၎င်း၏ထင်မြင်ယူဆချက်သဘောထားကို သမ္မတထံသို့တင်ပြရမည်။

**အပိုဒ် ၁၈၆-က အမှုများကိုလွှဲပြောင်းနိုင်သည့်အာဏာ**

တရားလွှတ်တော်ချုပ်သည် တရားမျှတမှုအတွက်လုပ်ဆောင်ရန် သင့်လျော်သည်ဟု ယူဆပါက မည်သည့်အမှု၊ အယူခံမှုသို့မဟုတ် တရားလွှတ်တော်တစ်ခုခု တွင်စစ်ဆေးလျက် ရှိသောအမှုများကိုမဆို တခြားတရားလွှတ်တော်တစ်ခုခုသို့လွှဲပြောင်းပေး နိုင်သည်။

**အပိုဒ် ၁၈၇ စီရင်ချက်ထုတ်ပြန်ခြင်းနှင့် စီရင်ချက်အား လိုက်နာဆောင်ရွက်ခြင်း**

(၁) အပိုဒ် ၁၇၅၊ အပိုဒ်ခွဲ (၂) အရ တရားလွှတ်တော်ချုပ်သည် လူပုဂ္ဂိုလ်တစ်ဦးဦးအား လုံခြုံစွာရှေ့တော်မှောက်လာရောက်ရန် သို့မဟုတ် စာရွက်စာတမ်းများရှာဖွေရန် သို့မဟုတ် စာရွက်စာတမ်းများတင်သွင်းရန်ကိစ္စရပ်များအပါအဝင် မည်သည့်အမှုကိစ္စတစ်စုံတစ်ရာတွင် သို့မဟုတ် ပြီးပြတ်မှုမရှိသည့်ကိစ္စရပ်များတွင် တရားမျှမှုရရှိစေရေးအတွက် လိုအပ်သော ညွှန်ကြားချက်၊ အမိန့် သို့မဟုတ် ဒီကရီများကို ထုတ်ပြန်နိုင်သည်။

(၂) ယင်းညွှန်ကြားချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် ပါကစ္စတန်နိုင်ငံတစ်ဝန်းလုံး တွင် အာဏာတည်သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်တစ်နယ် သို့မဟုတ် နယ်မြေ တစ်ခု သို့မဟုတ် ပြည်နယ်တစ်ခု၏နယ်နိမိတ်တွင် ပါဝင်ဖွဲ့စည်းထားခြင်းမရှိသော်လည်း တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အတွင်းရှိသည့် ဒေသတစ်ခုတွင် အဆိုပါပြည်နယ်တရား လွှတ်တော်မှ ထုတ်ပြန်ထားသကဲ့သို့အာဏာတည်သည်။

(၃) တရားလွှတ်တော်ချုပ်၏ညွှန်ကြားချက်၊ အမိန့် သို့မဟုတ် ဒီကရီတစ်ခုအပေါ် သက်ရောက်သည့် ပြဿနာတစ်ရပ်ပေါ်ပေါက်လာပါက တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

**အပိုဒ် ၁၈၈ တရားလွှတ်တော်ချုပ်၏ အမိန့်များကိုပြန်လည်သုံးသပ်ခွင့်**

တရားလွှတ်တော်ချုပ်သည် ပါလီမန်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် တရားလွှတ်တော်ချုပ် နည်းဥပဒေပါ နည်းဥပဒေများအရ ၎င်းချမှတ်ထားသော အမိန့်များ သို့မဟုတ် ချမှတ်ခဲ့သောစီရင်ချက်များကို ပြန်လည်သုံးသပ်နိုင်သည့်အာဏာရှိသည်။

**၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ပြည်နယ်ဒေသအစိုးရအက်ဥပဒေ**
**ပုဒ်မ ၃ တည်ဆဲဒေသအစိုးရကိုဖျက်သိမ်းခြင်း**

(၁) ၂၀၁၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၈ ဖြင့် ပြဋ္ဌာန်းခဲ့သော ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေအရ ဖွဲ့စည်းခဲ့သော သို့မဟုတ် ဆောင်ရွက်လျက်ရှိသော ဒေသအစိုးရအဖွဲ့များအားလုံးကို ဤပုဒ်မဖြင့် ဖျက်သိမ်းလိုက်သည်။

(၂) ၂၀၁၉ ခုနှစ်အက်ဥပဒေစတင်အာဏာသက်ရက်သည့်အချိန်မှစ၍ တစ်နှစ်ထက် ပို၍နောက်ကျခြင်းမရှိစေဘဲ အစိုးရသည် ဤအက်ဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီဆက်ခံသော ဒေသန္တရအစိုးရများကို တတ်နိုင်သမျှ အမြန်ဆုံးဖွဲ့စည်းရမည်။



ပါကစ္စတန်သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတရုံး



ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွှတ်တော်



ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ တရားလွှတ်တော်ချုပ်



ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ တရားလွှတ်တော်ချုပ်တရားခွင်ပုံ (၁)



ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ တရားလွှတ်တော်ချုပ်တရားခွင်ပုံ (၂)

# ကျမ်းကိုးစာရင်း


၁။ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၃ ခုနှစ်။

၂။ တရားလွှတ်တော်ချုပ်(တရားသူကြီးချုပ်အရေအတွက်) အက်ဥပဒေ၊ ၁၉၇၇ ခုနှစ်။

၂။ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံတရားလွှတ်တော်ချုပ်နည်းဥပဒေများ၊ ၁၉၈၀ ခုနှစ်။

၃။ ၂၀၁၃ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ။

၄။ ၂၀၁၉ ခုနှစ်၊ ပန်ဂျပ်ဒေသအစိုးရအက်ဥပဒေ။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်၊ အတွဲ (၂) ။

၆။ AACC, Jurisdiction and Organization of AACC Members, 31-12-2018.

၇။ https://www.supremecourt.gov.pk/.

၈။ http://www.aaccsrd.org/.